# ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ထုတ်ပြန်ချက် (၃)

## မြန်မာနိုင်ငံနှင့်သင့်တော်သည့် ဖက်ဒရယ်စနစ်ကို အခြေခံ၍ ဖက်ဒရယ်လွှတ်တော်ပေါ်ပေါက်လာရေးအား လက်တွေ့မြေပြင်ထိန်းချုပ်ထားနိုင်သည့် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့များ (EROs) အနေဖြင့် အဘယ့်ကြောင့် ပါဝင် ဦးဆောင် ဖွဲ့စည်းသွားရန် တာဝန်ရှိသလဲ။

၁။ ပြည်တွင်းစစ် သမိုင်းတလျှောက် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများ (EROs) နှင့်တော်လှန်ရေးအင်အားစုများသည် စစ်ရေးအရ ကြီးကြီးမားမား အောင်မြင်မှုရရှိရုံသာမက မြေပြင်ထိန်းချုပ် ရရှိထားနိုင်မှု အမြင့်မားဆုံး အခြေအနေသို့ ရောက်ရှိလာသည်။

၂။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗိုလ်နေဝင်းဦးဆောင်သည့် စစ်အစိုးရအား စစ်ရေးအရ တန်ပြန်ခြိမ်းခြောက်မှုပြုနိုင်သည့်အပြင် မြန်မာပြည်၏ အရှေ့မြောက်ဒေသတခုလုံးကို လွတ်မြောက်ဒေသအဖြစ် ထိန်းချုပ်ထားနိုင်ခဲ့သည်အထိ အောင်မြင်မှုရရှိခဲ့ဖူးသည်။ သို့သော် ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ တခုလုံးသည် နဝတ/နအဖ စစ်အစိုးရ၏ သွေးခွဲ သပ်လျှိုမှုဖြင့် ဖြိုခွင်းခံလိုက်ရသည်။ စစ်ရေးနှင့် မြေပြင်ထိန်းချုပ်မှုအရ အောင်မြင်မှုရရှိခဲ့သော်လည်း တိုင်းရင်းသားပြည်နယ်များ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား အပြည့်အဝအာမခံသော မြန်မာနိုင်ငံနှင့်သင့်တော်သည့် ဖက်ဒရယ်စနစ်အား စနစ်တကျ ချမှတ်ဖော်ဆောင်နိုင်ခြင်းမရှိသောကြောင့် အဆိုပါအောင်မြင်မှုများကို နေ့ချင်းညချင်း လက်လွှတ်ဆုံးရှုံးလိုက်ရသည့် သမိုင်းသာဓကရှိခဲ့သည်။

၃။ ထို့အပြင်၊ ၁၉၉၀ ခုနှစ် ဝန်းကျင်၌ သက်ဆိုင်ရာတိုင်းရင်းသားပြည်သူလူထု တရပ်လုံး၏ ထောက်ခံမှုဖြင့် လွတ်မြောက်ဒေသအသီးသီး ထိန်းချုပ်ထားနိုင်သည့် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းကြီးများနှင့် ဒီမိုကရေစီအင်အားစုများဖြင့် စုဖွဲ့ထားသော မာနယ်ပလောလွတ်မြောက်ဒေသအခြေပြု တော်လှန်ရေးတပ်ပေါင်းစုသည်[1] ထိုကာလ၏ စစ်အစိုးရကို နိုင်ငံရေးအရသာမက စစ်ရေးအရပါ အကြီးမားဆုံး ခြိမ်းခြောက်မှုပြုနိုင်ခဲ့သည်။ သို့သော် သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းကသာ အဓိက ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် လျော့ရဲသော တပ်ပေါင်းစု၏ စုဖွဲ့မှုသည်လည်း အလားတူ ဖြိုခွင်းခံလိုက်ရသည်။

၄။ လက်ရှိမျက်မှောက်ကာလသည် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့များ (EROs) ၏ စစ်ရေးနှင့် လက်တွေ့မြေပြင်ထိန်းချုပ်ထားနိုင်မှု အမြင့်မားဆုံးအခြေအနေကတဆင့် စနစ်အပြောင်းအလဲကို ဦးတည်သည့် အပြီးသတ်အောင်ပွဲ ရရှိနိုင်သည်အထိ အခွင့်အခါသင့်ဖြစ်ပေသည်။ မင်းအောင်လှိုင် ဦးဆောင်သော စစ်ကောင်စီနှင့် ညှိနှိုင်းပြီး ရေတိုအကျိုးစီးပွား (သို့မဟုတ်) ယာယီသက်သာမည့် လမ်းကြောင်းကို ဦးမတည်သင့်ပေ။ နှစ်ပေါင်းများစွာ မျှော်မှန်း တောင်းဆို လှုပ်ရှားခဲ့သော စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ တိုင်းပြည်တည်ဆောက်ရေးလမ်းကြောင်း (State

[1] အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ–NDF) မြန်မာပြည်ဒီမိုကရစ်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)။

Building) ကို စနစ်တကျ ချမှတ် ဖော်ဆောင် ကျင့်သုံးသွားနိုင်ဘို့ရန် သမိုင်း၏ တောင်းဆိုချက် ဖြစ်လာပါသည်။

၅။ သို့ဖြစ်၍ တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့များ၏ လက်တွေ့အရထိန်းချုပ်ထားနိုင်မှု၏တရားဝင်မှု (*de-facto*) အား ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် စနစ်တကျ ပေါင်းစပ် အတည်ပြု ကျင့်သုံးသွားနိုင်ဘို့ လိုအပ်ပါသည်။ ယင်းနောက်ခံဖြင့် ဖက်ဒရယ်လွှတ်တော် ဖွဲ့စည်းပေါ်ပေါက်လာရေးအား တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်များအနေဖြင့် ၎င်းတို့ကိုယ်တိုင် ပါဝင် ဦးဆောင်ဖွဲ့စည်းသွားရန် တာဝန်ရှိပါသည်။

သို့မှသာ စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးအရ ညီညွတ်မှုကို တည်ဆောက်နိုင်မည်။ ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ ခိုင်မာအားကောင်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးယန္တရားများကို ချမှတ်ဖော်ဆောင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏တရားဝင်သောအစိုးရအဖြစ် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု ရရှိလာနိုင်ဖို့ များစွာအထောက်အကူပြုမည်ဖြစ်သည်။

**ဖက်ဒရယ်ဥပဒေအကယ်ဒမီ** **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်။**